# ကောင်းသနိုး

# ဟိုမြရေလပခေါင်း

ပင်ကိုရေးဝတ္ထုသစ်



# အမှတ်တရစကား

တိမ်နေလဆောင်းသည် ကျွန်တော်၏ ပင်ကိုရေး ရသဝတ္ထုသစ်ဖြစ်ပါသည် ။ တစ်နှစ်တစ်အုပ်သာ ရေးနိုင်သဖြင့် ပဉ္စမမြောက် ပင်ကိုရေး ရသဝတ္ထုသစ် ဟု လည်း ဆိုနိုင်ပါသည် ။

ဤဝတ္ထုကို ၂၀၀၂ တွင် စတင်ရေးသားခဲ့ပြီး တစ်ဝက်ခန့်ရောက်သောအခါ အကြောင်း အမျိုးမျိုးကြောင့် ခံစားမှုတွေ ငုပ်လျှိုးသွားသဖြင့် ဆက်မရေးနိုင်ဘဲ ဖြစ်ခဲ့ပါသည် ။ ထို့ကြောင့် ၂၀၀၂ ခုနှစ်အတွက် ဝတ္ထု မထွက်ဖြစ်နိုင်ခဲ့။

ယခု ၂၀၀၃ ခုနှစ်ရောက်မှ သာ ထုတ်ဝေနိုင်တော့သည် ။ အချိန်ကာလအားဖြင့် တစ်နှစ်ခွဲကျော်ကျော် ကြာမြင့်ခဲ့ပါ၏။ အချိန်ယူလေ့လာရေးသားထားသော ဤဝတ္ထုသည် လူငယ်အထက်တန်း ကျောင်းသားများ၏ နှလုံးသားထဲတွင် မှန်ကန်သော အသိတစ်ခု စွဲငြိသွားစေမည်ဆိုလျှင် ဤဝတ္ထုကို အချိန်ယူရေးရကျိုးနပ်ပြီဟု ဆိုချင်ပါတော့သည် ။

**ကောင်းသန့်**

**၉၊ ၉၊ ၀၃**

*

(၁)

“မင်္ဂလာပါ … တပည့်တို့ ”

“မင်္ဂလာပါ … ဆရာ”

ဒီနေ့ … မင်းတို့ ကိုမနေ့ကသင်ခဲ့တဲ့ Present Tense အကြောင်းဆက်သင်ရဦးမယ်။မနေ့ကဆရာသင်ခဲ့တယ်။စာကြောင်းတစ်ကြောင်းမှာ A, E, O, U, Sကိုတွေ့ရင်အဲဒါ Present Tense ဖြစ်ဖို့ များ တယ်။အဲဒီ A, E , O, U, S ကိုတွေ့ရင်သူ့နောက်မှာ Present Tense Verb 1 လိုက်ရမယ် … မှတ်မိတယ်နော်။

“ကဲ … နွေမိုးဆောင်း … A, E, O, U,S ဆိုတာဘာလဲပြန်ပြောပြစမ်းပါဦး”

ဆရာနှင့် လေးခုံလောက်ခြားသည့် ကောင်မလေးချောချောတစ်ယောက်ကို မေးလိုက်သည် ။

“ဟော့ကောင် …. မှတ်ထားဦး၊ဇ - တန်းကတည်းကတွေ့နေတာကြာပြီ၊ အခုမှ နာမည်သိတော့တယ်၊နွေမိုးဆောင်းတဲ့ … ချောတယ် … ဘယ်ကျောင်းကလဲမသိဘူး”

နေထက်က တံတောင်နှင့်တွက်ပြီး တိမ်အာကာကိုပြောလိုက်သည် ။

တိမ်အာကာက မကြားချင်ယောင်ဆောင်ပြီး နွေမိုးဆောင်ဆိုသည့် ကောင်မလေးပြန်ဖြေသံကို နားထောင်နေသည် ။

“A က Always, E က Every, O က often, U က Usually, S က Some times ပါဆရာ”

နွေမိုးဆောင်းက သွက်သွက်လက်လက် ပြန်ဖြေလိုက်သည် ။

“ငါ့တပည့် ... တော်တယ်။”

“ချစ်ချစ်မုန်းမုန်း ကြိုက်ကြိုက်မကြိုက်ကြိုက် သဘောကျရင်ဆက်လုပ်ပြီးမှ ရပ်၊ အလုပ်တော့ရှုပ်တယ်ဆိုတာကော မှတ်မိသေးလား။”

“မှတ်မိပါတယ်ဆရာ”ကျောင်းသားတွေကပြန်ဖြေသည် ။

“ဒါဆို ... လပြည့်ဝန်းပြောစမ်း”

“ဟော့ကောင်လပြည့်ဝန်းတဲ့ သူကပိုလှတယ်။ ငါမေ့သွားမှာ စိုးလို့ ကူမှတ်ပေးထားဦး။”

နေထက်က စောစောကလို တိမ်အာကာကိုတံတောင်နှင့်တွက်ပြီး ပြောပြန်သည် ။ တိမ်အာကာမကြားချင်ယောင်ဆောင်ပြီး ကောင်မလေးပြန်ဖြေသံကိုနားစွင့်နေ၏။

“ချစ်တာက Love, မုန်းတာက Hate, ကြိုက်တာကLike, မကြိုက်တာက Dislike, သဘောကျတာက Enjoy, ဆက်လုပ်က Keep on, go on, ပြောရင်းနှင့် ကောင်မလေးကမေ့သွားသည် ။ဘာဆက်ပြောရမှန်းမသိဖြစ်နေသည် ။”

“Continue”ဟု တိမ်အာကာက နောက်ကခပ်တိုးတိုးပြောပေးလိုက်သည် ။ ကောင်မလေးကကြားသွားပြီးဆက်ပြောသည် ။

“Continue၊ ပြီးမှ ရပ်က Finish၊ အလုပ်ရှုပ်တာကBusyအဲဒီစကားလုံးတွေနောက်မှာ Ving လိုက်ရပါတယ်ဆရာ။”

"အေး ... တော်တယ်၊ထိုင်"

"ဒီနေ့သင်မှာ ကတော့ Perfect tense ကိုညွှန်းတဲ့ စကားလုံးတွေသင်မယ်" ဆရာကပြောပြောဆိုဆိုနှင့် White Board ပေါ်တွင် စကားလုံးတွေရေးပေးနေသည် ။

"စောစောက စကားလုံးဝင်ထောက်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်။"

လပြည့်ဝန်းကနောက်လှည့်ပြီး တိမ်အာကာကို ကျေးဇူးတင်စကားဆိုသည် ။

"ရပါတယ်ဟာ ... သူငယ်ချင်းတွေပဲဟာ။"

တိမ်အာကာပြန်ဖြေသံကြားတော့ နေထက်ကလက်တို့ ပြီး တိုးတိုးလေးပြောသည် ။

"နေပါဦး ... မင်းတို့ ကဘယ်တုန်းက သူငယ်ချင်းဖြစ်သွားကြတာလဲ ... ငါလည်း မသိလိုက်ရပါလား။"

"မင်း ... မသိဆို ... အခုပဲဖြစ်သွားကြတာလေ"

"ဩော် .... ဒီလိုလား ... ကောင်းသားပဲ။"

နေထက်ကဘာမှ မပြောဘဲတိတ်သွားသည်

ဆရာကwhite board ပေါ်ရေးပြီးဖြစ်သဖြင့် အတန်းဘက်သို့မျက်နှာပြန်မူပြီးဆက်ရှင်းသည် ။

ဒီနေ့နောက်တစ်မျိုးမှတ်ထားကြ။

"အဖေကြီးရက်တော့မယ်ရှင့်၊ဟောင်းလောင်း ... တဲ့ ။"

တစ်တန်းလုံးဝိုင်းရယ်ကြပြန်သည် ။

“ဆရာ့စာကြောင်းကြီးကလည်း ”ရှေ့ဆုံးတန်းကကောင်မလေးတစ်ယောက်ကပြုံးစိစိနှင့်ဆရာ့ကိုပြန်ပြောသည် ။

“မရယ်ကြနဲ့ … ဆရာရှင်းပြမယ်၊နားထောင်ဦး။

အဆိုတာ Already

ဖေဆိုတာ For

ကြီးဆိုတာ Just လို့ မှတ်၊

ရက်ဆိုတာ Yet

တော့ဆိုတာ Twice

မယ်ဆိုတာ Many Times

ရှင့်ဆိုတာSinceလို့ မှတ်

ဟောင်းလောင်းဆိုတာ How Long

အဲဒီလိုအတိုကောက်မှတ်ထားတဲ့ စကားလုံးတွေတွေ့ရင် Perfect Tense လို့ မှတ်။”

“ကဲ … ရှင်းပြီလား”

“ရှင်းပါပြီ … ဆရာကြီး၊အဖေကြီးရက်တော့မယ်ရှင့် … ဟောင်းလောင်း …”

နောက်ဆုံးတန်းကကျောင်းသားတစ်ယောက်ကထအော်လိုက်သဖြင့်ပွဲကျသွားပြန်သည် ။

စာသင်ချိန်တစ်ချိန်လုံးရယ်မောပျော်ရွှင်စွာစာသင်နေကြရသဖြင့်အချိန်ကုန်သွားမှန်းတောင်မသိလိုက်။တိမ်အာကာကတော့ဆရာပြောတာ

တွေတစ်လုံးမကျန်အသေအချာလိုက်မှတ်နေသည် ။နေထက်ကတော့ နွေမိုးဆောင်းနှင့်လပြည့်ဝန်းဆိုသည့် ကောင်မလေးနှစ်ယောက်ကိုပိုစိတ်ဝင်စားနေသည် ။အတန်းလွှတ်သည် နှင့်နောက်ဆုံးတန်းကကျောင်းသားတွေပြေးဆင်းသွားကြသည် ။

တိမ်အာကာကတော့ဖြည်းဖြည်းဆေးဆေး၊နေထက်ကလည်း ကောင်မလေးတွေနောက်ကကပ်လိုက်ဖို့ ကြံစည်နေသည် ။လပြည့်ဝန်းကနောက်ဘက်သို့လှည့်ပြီးတိမ်အာကာကိုပြုံးပြသည် ။တိမ်အာကာကလည်း ပြန်ပြုံးပြသည် ။

"နင့်ကိုတကယ် ကျေးဇူးတင်တယ်ဟာ၊ continue ကို ငါမေ့သွားလို့ ချွေးပြန်သွားတာ၊ ဘာဆက်ပြောရမှန်းမသိဘူး။ နွေမိုးဆောင်းကလည်း ဘာပြောရမှန်းမသိ ဖြစ်နေတုန်း နင် ဝင်ကယ်ပေလို့ ။ ပြီးတော့ နင်ပြန်ပြောလိုက်တာလည်း သဘောကျတယ်။ ရပါတယ်ဟာ ... သူငယ်ချင်းတွေပဲ ဆိုတာလေ။ ငါက ဟန်မဆောင်တတ်ဘူး၊ ဒီလိုဆို နင်နဲ့ ငါ သူငယ်ချင်းတွေပေ့ါနော်"

"အေးပေ့ါဟ .... အမိုးတစ်ခုတည်းအောက်မှာ အတူတကွ စာသင်နေကြတဲ့ တို့ ကျောင်းသူ ကျောင်းသားအားလုံးဟာ သူငယ်ချင်းတွေပဲ မဟုတ်လား"

"အေး ... ဟုတ်တယ်၊ နင်ပြောတာ မှန်တယ်။ ဒီနေ့ကစပြီး နင်နဲ့ ငါက သူငယ်ချင်း၊ မှတ်ထား ငါ့နာမည် လပြည့်ဝန်း၊ နင့်နာမည်ရော၊ ပြီးတော့ ... ဘယ်ကျောင်းကလဲ"

"ငါ့နာမည်က ... တိမ်အာကာ၊ ဗိုလ်တထောင် (၆)က"

"နင်နဲ့ သူငယ်ချင်း ဖြစ်ရတာ ဝမ်းသာတယ်၊ ငါ့သူငယ်ချင်းနဲ့ လည်း မိတ်ဆက်ပေးဦးမယ်။ သူက နွေမိုးဆောင်းတဲ့ ၊ တို့ နှစ်ယောက်စလုံး ဒ

ဂုံ (၁) က”

“သူငယ်ချင်း ဖြစ်ရတာ ဝမ်းသာပါတယ်။ တိမ်အာကာဆိုတဲ့ နင့်နာမည်က သိပ်မြင့်တာပဲနော်”

နွေမိုးဆောင်းက မှတ်ချက်ပေးလိုက်သည် ။

“မြင့်ဆို မိုးပေါ်မှာ လေ” နေထက်က ဝင်ထောက်လိုက်သည် ။

ထိုအခါမှ နေထက်ကို တိမ်အာကာ သတိရသွားပြီး လပြည့်ဝန်းတို့နှင့် မိတ်ဆက်ပေးသည် ။

“လပြည့်ဝန်း၊ နွေမိုးဆောင်း၊ ဒဂုံ(၁) က၊ စောစောက မင်းချောတယ်လို့ ပြောတဲ့ ကောင်မလေးတွေလေ”

“ဒီကောင်လည်း မှတ်ထား၊ နေထက်တဲ့ ၊ ငါနဲ့ ကျောင်းတူတူပဲ။”

“မိတ်ဆက်ပေးဖော်ရသေးလို့ တော်ပါသေးတယ်။”

နေထက်က ပြန်ပြောသည် ။

“တို့ ကို ချောတယ်လို့ ပြောတာ နင်လား”

လပြည့်ဝန်းက မေးလိုက်သည် ။

“ချောလို့ ချောတယ်ပြောတာ နာစရာလား”

“မနာပါဘူး၊ ဝမ်းသာလို့ ပါ။ ဒါနဲ့ နင့်မျက်မှန်က ဘယ်မှာ လုပ်တာလဲ”

“ရွှေဘုံသာလမ်းမှာ ၊ ဟာ ... ဘာဆိုင်လို့ လဲ။”

“ဆိုင်တာပေါ့ ... တို့ ချောတာကို ချောတဲ့ အတိုင်း တိတိကျကျ မြင်တာ မျက်မှန်ကောင်းလို့ ပေါ့။ ဟုတ်ဘူးလား”

လပြည့်ဝန်းက သွက်သွက်လက်လက်ပြောပြီး နွေမိုးဆောင်းဘက် လှည့် စစ်ကူတောင်းသည် ။

"ဟုတ်တယ် ... ဟုတ်တယ်၊ နင့်မျက်မှန်က အတော်ကောင်းတယ်၊ ကိုင်းလည်း လှတယ်၊ အဲဒီမျက်မှန် တပ်ထားတော့ အင်္ဂလိပ်သိပ္ပံပညာရှင် အဘိုးကြီးနဲ့ တူသွားသလိုပဲ"

နွေမိုးဆောင်းက ဝင်ပြောလိုက်သဖြင့် နေထက် တွန့်သွားသည် ။

"အင်္ဂလိပ် သိပ္ပံပညာရှင်နဲ့ တူတယ်ဆို တော်ရောပေ့ါ အဘိုးကြီးနဲ့ တူတယ်လို့ ဘာလို့ ပြောရတာတုံး၊ ငါစိတ်ဆိုးလိုက်မှာ နော်"

နေထက်က မျက်မှန်ကိုချွတ်ပြီး ကလေးလို ခြေဆောင့်ပြလိုက်သည် ။

တိမ်အာကာ၊ နွေမိုးဆောင်း၊ လပြည့်ဝန်း သုံးယောက်စလုံး ဝိုင်းရယ်နေကြတော့သည် ။

"ကဲ ... သွားကြမယ်၊ နက်ဖြန်စောစောလာခဲ့၊ နင်တို့ ကချောတယ်ပြောထားလို့ သိင်္ဂီရွှေရည်မှာ ကော်ဖီတိုက်မယ်၊ ၃-နာရီခွဲမှာ ဆုံမယ်၊ အတန်းက ၄-ခွဲဆိုတော့ တစ်နာရီ အချိန်ရတယ်"

လပြည့်ဝန်းက သွက်သွက်လက်လက် ပြောဆိုပြီး နွေမိုးဆောင်းလက်ကို ဆွဲဆင်းသွားသည် ။ နွေမိုးဆောင်းက တိမ်အာကာကို ကွက်ကြည့် ကွက်ကြည့်လုပ်ရင်း ပါသွားသည် ။

နေထက်နှင့် တိမ်အာကာက နောက်က ဆင်းလိုက်သွားသည် ။

တိမ်အာကာနှင့် နေထက်တို့ ဆိပ်ကမ်းသာလမ်းထိပ်သို့ လျှောက်လာသည် ။ ခါတိုင်းဆို နေထက်က ဗိုလ်ချုပ်လမ်းမကြီးအတိုင်း လမ်းလျှောက်ပြီး ရေကျော်သို့ ပြန်သည် ။ တိမ်အာကာက ၃၄-လမ်းတွင် နေ

သဖြင့် ဗိုလ်ချုပ် လမ်းမကြီးပေါ်ကပဲ ပြန်သည်။ ဆိပ်ကမ်းသာလမ်းထိပ်တွင် သူငယ်ချင်းနှစ်ယောက် လမ်းခွဲကာ ကျောခိုင်းထွက်ခွာကြစမြဲ၊ ယနေ့တော့ နေထက် စပြောသည်။

"ငါ ... အိမ်မပြန်ချင်သေးဘူးကွာ၊ မင်းလည်း အချိန်ရရင် ဘူတာကြီးဘက် လမ်းလျှောက်ပြီး စကားပြောကြရအောင်"

"ကောင်းသားပဲ၊ သိပ်မိုးချုပ်လို့ တော့ မဖြစ်ဘူး၊ အမေက မျှော်နေလိမ့်မယ်" တိမ်အာကာက ပြန်ပြောသည်။

"အညောင်းပြေ အညာပြေပေါ့ကွာ၊ သိပ်မကြာပါဘူး"

"မင်းဘာပြောချင်လို့၊ အကြောင်းတစ်ခုခုတော့ ရှိပြီထင်တယ်"

"မင်း ပြောတာအမှန်ပဲ၊ ငါ စိတ်တွေ သိပ်လှုပ်ရှားနေတယ်၊ ဘာဖြစ်လို့ မှန်း မသိဘူး"

"လပြည့်ဝန်းတို့ ကြောင့်တော့ မဟုတ်ပါဘူးနော်။"

"မင်းဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ် ထင်တယ်၊ အမှန်ပဲ၊ သူတို့ နဲ့ ပတ်သက်နေတယ်၊ လပြည့်ဝန်းရဲ့ ပြောဟန် ဆိုဟန်နဲ့ အပြုံးလေးဟာ ငါ့နှလုံးသားမှာ ပုံရိပ်ထင်သွားပြီ"

"ဟေ့ကောင် ... မင်း ပေါက်တတ်ကရ စိတ်တွေ ဝင်မနေနဲ့။ စာမေးပွဲကျသွားလိမ့်မယ်။ စာမေးပွဲကျတာကမှ ပြန်ဖြေလို့ ရသေးတယ်၊ အမှတ်နည်းနည်းလေးနဲ့ အောင်မှ ဒုက္ခရောက်မယ်။ ပြန်ဖြေလို့ လည်း မရတော့ဘူး။ ဒါတော့ ... သဘောပေါက်"

"အဲဒါကြောင့် ခက်တာပေါ့၊ စာမေးပွဲကို အမှတ်ကောင်းကောင်း နဲ့ အောင်ရမယ်ဆိုတဲ့ ငါ့ရည်မှန်းချက်ကို ငါသိသလို၊ လပြည့်ဝန်းရဲ့ မျက်လုံးလေးကလည်း ငါ့အသည်းမှာ လာငြိနေတယ်"

ဘုတာရုံဘက်သွားရန် ပန်းဆိုးတန်း ခုံးကျော်တံတားပေါ်သို့ သူတို့ တက်လိုက်ကြသည် ။ တံတားပေါ်ရောက်တော့ သူတို့ မောနေသလိုပဲ။

“ခါတိုင်း ဒီတံတားပေါ်တက်တော့ မမောဘူး၊ ဒီနေ့ ဒီတံတားပေါ်တက်ရတာ မောနေသလိုပဲ” နေထက်က ညည်းတွားသလို ပြောလိုက်သည် ။

“စိတ်မောနေလို့ ထင်တယ်၊ မင်းက ဘာအတွက် မောမှန်းတော့ ငါမသိဘူး။ ငါကတော့ မင်းအတွက် စိတ်မောနေတယ်၊ စတွေ့တဲ့ နေ့မှာတောင် မင်း ဒီလောက်ဖြစ်နေရင် နောက်နေ့တွေဆို ပိုဆိုးတော့မယ်၊ စာကျက်လို့ တောင် ရတော့မှာ မဟုတ်ဘူး အဲဒါ အချစ်နတ် ဖမ်းစားတာလို့ ခေါ်တယ်။”

“အချစ်နတ် ဖမ်းစားတယ်လို့ ပြောရအောင် မင်းကော ဒီလိုမျိုး ခံစားဖူးပြီလား”

“ဟင့်အင်း ... မခံစားခဲ့ဖူးဘူး၊ စာအုပ်ထဲ ဖတ်ဖူးတာ ပြောပြတာ။ ဒီနေ့ထိ ဘယ်မိန်းကလေးနဲ့ မှ ရင်းရင်းနှီးနှီး မပေါင်းသင်းခဲ့ဘူး၊ ဗိုလ်တထောင်(၆)မှာ နေကတည်းက မိန်းကလေးတွေနဲ့ အပေါင်းအသင်း မလုပ်ခဲ့တာ အခုထိပဲ”

“မင်းမှ အပြောကောင်း၊ ဗိုလ်တထောင် (၆)က ယောက်ျားလေးကျောင်း ဖြစ်နေမှ တော့ မိန်းကလေးကျောင်းသူမှ မရှိတာ၊ မင်းက ဘယ်မိန်းကလေးနဲ့ ပေါင်းချင်နေသေးလို့ လဲ”

“အေး ... အဲဒါကြောင့်ပြောတာ။ မိန်းကလေးတွေနဲ့ မတွေ့ကြုံ မဆက်ဆံခဲ့ရတော့ မခံစားဖူးဘူးလို့ ပြောတာပေ့ါ။ အချစ်ဝတ္ထုတွေထဲက ဖတ်ထားဖူးတာ မင်းကို ပြန်ပြောပြနေတာ”

သူတို့ နှစ်ယောက် ပန်းဆိုးတန်းခုံတံတားကြီးပေါ်မှာ ရည်ရွယ်ချက်မဲ့ ငေးကြည့်နေမိသည် ။ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ကားမျိုးစုံ ပြေးလွှားနေတာ မြင်နေရ၏။

"ဒီလောက် များ ပြားနေတဲ့ ကားတွေထဲက တစ်စီးတလေတောင် မပိုင်ရတဲ့ ငါ့ဘဝကို ငါသနားနေမိတယ်"

"ဟေ့ကောင် ... ငါက ဒီမှာ လပြည့်ဝန်းနဲ့ ပတ်သက်တဲ့ ဖီလင်တွေ ပြောချင်လို့ မင်းခေါ်လာတာ၊ မင်းက သူဌေးဖြစ်ချင်တာတွေ လာပြောမနေနဲ့ "

"နေထက်ရာ .. ငါက သူဌေးဖြစ်ချင်တာ မဟုတ်ပါဘူး၊ တိုက်ကလေးတစ်လုံး၊ ကားလေး တစ်စီးလောက်ရှိပြီး အမေ့ကို စိတ်တိုင်းကျ ကျွေးမွေးချင်တာပါ။ ငါ့အမေ အရမ်းပင်ပန်းနေပြီကွာ၊ ငါမကြည့်ရက်တော့ဘူး၊ အခုမှ ငါက ၁၀-တန်းကျောင်းသားပဲဆိုတော့ ဘာမှ မတတ်နိုင်သေးလို့ ဒီလိုပဲ လက်ပိုက်ကြည့်နေရတာ"

"စိတ်မကောင်းစရာတွေ ဆက်တွေးပြီး မင်းပြောတော့မယ်၊ တော်ပါတော့ကွာ၊ အာကာ ... အခုလို သာယာလှပတဲ့ ညနေခင်းလေးမှာ ကြည်နူးစရာတွေပဲ ပြောကြရအောင်ပါ။ ဥပမာ ... လပြည့်ဝန်းရဲ့ လှပတဲ့ ပါးချိုင့်လေး အကြောင်းပေ့ါကွာ"

"နေထက်ရာ ... မင်း ရင်ထဲရှိတာပြောပါ၊ ငါ နားထောင်ပေးပ့ါမယ်၊ မင်း နားမထောင်ချင်တဲ့ စိတ်ညစ်စရာ စကားတွေလည်း ငါမပြောတော့ပါဘူး"

တိမ်အာကာက သက်ပြင်းတစ်ချက်ချပြီး နေထက်ကို ပြန်ပြောလိုက်သည် ။ သူ့မျက်လုံးတွေကတော့ ဟိုအဝေးမှာ ...

“သူငယ်ချင်း … အာကာ … တစ်ခါတလေ ပေါ့ပေါ့ပါးပါးလေး နေစမ်းပါလားကွာ၊ အမြဲတမ်းလိုလို အလေးအနက် များ လွန်းတယ်။ အခုမှ မင်းအသက် ၁၆-နှစ်ပဲရှိသေးတယ်။ အဘိုးကြီးအိုလေး စတိုင်နဲ့ ၊ စကားပြောလိုက်ရင် ကတ္တရာလမ်းပေါ် ဆေးအနက် သုတ်ထားတဲ့ အတိုင်းပဲ၊ နက်နဲလွန်းတယ်၊ နည်းနည်းလျှော့ …လေနည်းနည်းလျှော့…”

နေထက်က အပြောင်အပြက်လုပ်ပြီး ပြောသဖြင့် တိမ်အာကာ ပြုံးတော့သည် ။

“ခုလို သတိပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ၊ ငါ့ဘဝအခြေအနေကို မင်းသိပါတယ်။ ငါ့ဘဝက ပျော်ပျော်ပေါ်ပေါ်နဲ့ နေလို့ ရတဲ့ ဘဝမှ မဟုတ်တာ။ ကြိုးစားရုန်းကန်နိုင်မှ ဆင်းရဲတွင်းက လွတ်မြောက်ရမယ့် အခြေအနေဆိုတော့ ကိုယ့်ကိုယ်ကိုယ် အမြဲသတိပေးဆုံးမနေရတယ်။ ဒါပေမဲ့ တစ်ခါတလေ ၁၆-နှစ်သားလူငယ်တစ်ယောက်လို နောက်ပြောင် ဆော့ကစားနေချင်ပါတယ်။ ဒါပေမဲ့…”

“ဒါပေမဲ့တွေ လုပ်မနေနဲ့ ။ သွားကြမယ်။ မိုးချုပ်ပြီ။ နက်ဖြန် ၃-နာရီခွဲနော်၊ ကျူရှင်အောက်က စောင့်နေမယ်။ မင်းကို ကြိုပြီးတော့ ပြောထားစရာ ရှိသေးတယ်။ လပြည့်ဝန်းဟာ ငါ့အသည်းလေးနော်။ မင်းစိတ်နဲ့ တောင် ပြစ်မှားမယ် မကြံစည်နဲ့ ၊ ငရဲကြီးသွားမယ်။ ပိုင်ရှင်ရှိပြီးသားလို့ သဘောထား။ ဟား … ဟား … ဟား”

“စိတ်ချသူငယ်ချင်း … မင်းရဲ့ … လပြည့်ဝန်းတင်မကဘူး။ ဘယ်မိန်းကလေးကိုမှ စိတ်ကူးကြံစည်ဖို့ စိတ်မဝင်စားပါဘူး။ ငါ စိတ်ဝင်စားတာက ငါ့အမေကို မသေခင်မှာ ကိုယ်ပိုင်တိုက်ခန်းနဲ့ ပြည့်ပြည့်စုံစုံလေး ထားပေးချင်တာပါပဲ။”

*